# အခန်း (၃)

# လူပုဂ္ဂိုလ်များ၏ ကိုယ်ပိုင်ပိဋကတ်တိုက်များ

## မင်းကွန်းဦးပုကြီးတောင် ပိဋကတ်တိုက်

ဗဒုံမင်းလက်ထက် ရတနာပူရမြို့အင်းဝတွင် ဥစ္စာစနေပေါကြွယ်ဝသော ဦးပုသည် ဆရာတော် ဦးမုနိန္ဒဃောသအရှင်မြတ်အတွက် ကျောင်းတိုက်နှင့် ပိဋကတ်တိုက်တို့ကို ဆောက်လုပ်လှူဒါန်းခဲ့ပါသည်။ ယင်းကိုအစွဲပြု၍ ဦးပုကြီးတောင်ပိဋကတ်တိုက် ဟုခေါ် ဆိုသည်။ ပဒုံမင်းတရားမှအစပြု၍ ဘကြီးတော်ခေါ် စစ်ကိုင်းမင်းတရား၊ ပုဂံမင်း၊ မင်းတုန်းမင်း၊ သီပေါမင်း အစရှိသဖြင့် မင်းအဆက်ဆက်တို့က ဦးပုကြီးတောင်ကျောင်းတိုက်ရှိ ကျောင်းထိုင်ဆရာတော် အစဉ်အဆက်တို့ကို ပစ္စယာနုဂ္ဂဟဖြင့် ချီးမြှင့်လှူဒါန်းအားပေးစောင့်ရှောက်ခဲ့ခြင်းကြောင့် ဦးပုကြီးတောင်ပိဋကတ်တိုက်သည် မြန်မာဘုရင်များရှိစဉ်က သာသနာ့ဝန်ထမ်းရဟန်းများနှင့် စာပေလိုက်စားသူ လူပညာရှိတို့၏ အားကိုးအားထားရာလွန်စွာအဖိုးတန်၍ အရေးပါအရာရောက်သော ပိဋကတ်တိုက်ကြီးတစ်တိုက်ဖြစ်ပါသည်။

### တည်နေရာ

မန္တလေးမြို့၏တစ်ဖက်ကမ်း စစ်ကိုင်းခရိုင်အတွင်းရှိ မင်းကွန်းမြို့ ဦးပုကြီးတောင်ပေါ်တွင် တည်ရှိပါသည်။

### ပုံသဏ္ဍာန်

စတုရန်းပုံအုတ်တိုက်အဆောက်အအုံဖြစ်သည်။ ခရစ်နှစ် ၁၇၈၁ ခုနှစ်မှ ၁၈၁၉ ခုနှစ်အတွင်း တည်ဆောက်ထားသည့်အုတ်တိုက်ဖြစ်သောကြောင့် ယိုယွင်းပျက်စီး လေလွင့်ပျောင်းနွမ်း၍နေပါသည်။ ဦးပုကြီးတောင်ပိဋကတ်တိုက်သည် အမရပူရကောင်းစားစဉ်အချိန်မှစ၍ ပေါ်ထွက်

လာသော အဆောက်အအုံဖြစ်ပေသည်။ ရှေးဟောင်းပိဋကတ်တိုက်များသည် အုတ်အင်္ဂတေဖြင့် ဆောက်လုပ်ထားသောလေးထောင့်စပ်စပ်အုတ်စက်များသာဖြစ်ပေသည်။ အနော်ရထာ ပိဋကတ်တိုက်သည် ဘုံငါးဆင့်ရှိ၍ အုတ်တိုက်ဖြစ်သည်။ မင်းကွန်းဦးပုကြီးတောင်ပိဋကတ်တိုက်သည် အုတ်တိုက်ပင်ဖြစ်သည်ကိုတွေ့ရှိရသည်။

"နိုင်ငံခြားပညာရှင်အချို့က အရှေ့တိုင်းသားတွေဟာ ကိုယ့်ထက်တစ်ဆင့်မြင့်သူသုံးစွဲပေစေ ဆိုပြီး တချို့ပစ္စည်းကို ခြိုးခြံမြဲဖြစ်လို့ ရှင်ဘုရင်က သစ်သားနန်းတော်နဲ့နေပြီး ဘုရားကျောင်း၊ ဘုန်းကြီးကျောင်းကိုအင်မတန်ခိုင်ခံ့တဲ့ကျောက်အုတ်၊ မီးဖုတ်မြေအုတ်တွေနဲ့ ဆောက်ထားတာဖြစ်မယ်လို့လဲ တွေးကြတယ်" [၁] ထိုကြောင့် ရှေးမြန်မာတို့သည် "စာတစ်လုံးဘုရားတစ်ဆူ" ဟူသောဆိုရိုးစကားအတိုင်း ပိဋကတ်စာပေများထိန်းသိမ်းရာ ပိဋကတ်တိုက်များကို အထွတ်အမြတ်ထားကြသည်။

ထိုပိဋကတ်တိုက်များကို ရေရှည်တည်တန့်ခိုင်ခံ့မှုရှိစေရန်အတွက် အုတ်တိုက်များဖြင့် ဆောက်လုပ်ခြင်းဖြစ်တန်ရာ၏။

ဦးပုကြီးတောင်ပိဋကတ်တိုက်တွင် ပေစာထုပ်ပေါင်းတစ်ထောင်ခန့်ရှိသည်၊ သာသနိကကျမ်းများဖြစ်သည်။ ထို့ပြင်ရာဇဝင်သမိုင်း၊ ကဗျာလင်္ကာနှင့် ရှေးဟောင်းမြန်မာစကားပြေတို့ကိုလည်း တွေ့ရှိရမည်ဖြစ်သည်။ ရှေးမြန်မာအနုပညာလက်ရာတို့သည် ဦးပုကြီးတောင်ပိဋကတ်တိုက်တွင် တည်ရှိသည်။ ကုန်းဘောင်ဆက်မြန်မာဘုရင်မင်းမြတ်အသီးသီးတို့က လှူဒါန်းခဲ့ကြသောကွမ်းအစ်၊ ကွမ်းလောင်း၊ ရေတကောင်း၊ သစ်စေးသရိုးကိုင်ကာ ဇာတ်စုံခင်းထားသော ပန်းပွတ်သမား၏ရှေးဟောင်းမြန်မာလက်ရာများ၊ မှန်စီရွှေချ၍ဘေးဘိအနားပတ်လည် အမွမ်းအမံရှိသောအသုံးအဆောင်ပစ္စည်းများ၊ ရှေးမြန်မာဘုရင်တို့၏သမီးတော်များသုံးဆောင်သည့် သနပ်ခါးကျောက်ပျဉ်တစ်ချပ် အစရှိသည်တို့ကိုတွေ့ရှိရမည်။

ထို့ပြင်ရွှေချပြီးပုတီးစေ့များ စီခြယ်ထားသည့် ထွန်းဘောင်ပုရပိုက်နှစ်ဆူ၊ ပုရပိုက်ဖြူပေါ်တွင် သစ်စေးကိုမင်လုပ်၍ ရေးထားသောသဒ္ဒါကရိုက်ကျမ်းတစ်ကျမ်း၊ သစ်စေးသရိုးကိုင်ရွှေချ၊ ရွှေပန်းရေး၊ ရွှေရုပ်ကြွဖော်ထားသည့် ကျွန်းစာတိုက်သေတ္တာများတွင် ပေထုပ်များထည့်ထားသည်။

"ယခုအခါရှေးဟောင်းပေစာ၊ ပုရပိုက်စာကျန်ရှိသင့်သလောက် ကျန်ရှိ၍လူသိသူသိနည်းလျက် အစင့်အရောက်မလုံလောက်ဘဲ မဆုတ်မဆိုင်းကူညီထောက်ပံ့ကာ စောင့်ရှောက်ပေးထိုက်၊ အရေးပေးထိုက်သောပိဋကတ်တိုက်တစ်ခုကို ဖော်ပြရမည်သာဆိုလျှင်မန္တလေးမြို့၏တစ်ဖက်ကမ်း

---

၁။ သန်းထွန်း၊ ဒေါက်တာ။ နယ်လှည့်ရာဇဝင်၊ ဒုတိယတွဲ (ရန်ကုန်၊ ပေဖူးလွှာစာပေ၊ ၁၉၆၈) စာ – ၅၃။

စစ်ကိုင်းခရိုင်အတွင်းရှိ မင်းကွန်းမြို့ဦးပုကြီးတောင်ပေါ်တွင် ပိဋတိုက်ဖြစ်ချေသည်။"[၂]

စစ်အတွင်း၌မန္တလေးမြို့တွင်ဂျပန်၊ အမေရိကန်တို့၏ ဗုံးကြဲလေယာဉ်ပျံကြီးများ၏ ဒဏ်ကြောင့်မြတောင်တိုက်၊ စံကျောင်းတိုက်၊ ရွှေဟောင်းဘုန်းတော်ကြီးကျောင်းတိုက်တို့မှာ မီးလောင်ပြာကျကုန်၏။ ထိုကျောင်းတော်ကြီးများ၌ သိုးမှီသိမ်းဆည်းထားသောပေ၊ ပုရပိုက်အမြောက်အများ ပျက်စီးဆုံးရှုံးကုန်သည်မှာ လွန်စွာပင်နှမြောစရာကောင်းလှပေသည်။ မန္တလေးမြို့ကြီးရှိ စာကောင်းပေကောင်းကျောင်းတိုက်ဟောင်းကြီးများစွာ မီးလောင်ပျက်စီးပြာကျသွားသော်လည်း မင်းကွန်းရွာနှင့်တကွ မင်းကွန်းအရပ်ရှိ စေတီပုထိုးကျောင်းကန်ဇရပ်တို့နှင့် ဦးပုကြီးတောင်ပိဋကတ်တိုက်တို့မှာဘေးမသီရန်မခ စစ်ကြီးဒဏ်ကိုမခံရဘဲရှေးမူလက်ရာမပျက် တည်မြဲလျက်ရှိနေသည်မှာလွန်စွာပင်ကံကောင်းလှပေသည်။ [၃]

ဦးပုကြီးတောင် ပိဋကတ်တိုက်နှင့်စပ်လျဉ်း၍ ဦးလူဖေဝင်းမျက်မြင်ကိုယ်တွေ့ အခြေအနေကို ကောက်နုတ်တင်ပြရလျှင် –

"ဤမျှအဖိုးထိုက်တန်၍အစားမထိုးနိုင်လောက်အောင် ရှေးကျသောပေထုပ်၊ ပုရပိုက်ထုပ်သေတ္တာများစွာတို့သည် ခြစားဆဲခြစားလတ္တံ့ဖြစ်၍နေ၏။ ပိဋကတ်တိုက်အဆောက်အအုံအမိုးနံရံတို့သည်ပြိုကျမည်ယောင်ယောင်ဖြစ်နေ၏။ အမိုးများအက်ကွဲ၍မိုးယိုနေသည်။ သာသနာရေးဆိုင်ရာတို့က အမြန်အရေးတကြီးအရေးယူကာ ပေထုပ်သေတ္တာများစွာကို မိုးလုံရာအရပ်သို့ရွှေ့ပြောင်းပေးဖို့လို၏။ ပိဋကတ်တိုက်အဆောက်အဦကို ပြင်ဆင်စောင့်ရှောက်ပေးဖို့လို၏" [၄]

ယခုအခါ မဘောဘီဆိုသည့်အမျိုးသမီးတစ်ဦးက ယင်းပိဋကတ်တိုက်ကိုပြန်လည်ပြုပြင်ပေးထားသည်ဟုသိရှိရပါသည်။

ဦးပုကြီး၏ပိဋကတ်တိုက်အနီး၌ သာသနိကအဆောက်အဦတစ်ခုကို စဉ့်ရည်သုတ်လိမ်းထားကာ ရွှံ့ဖြင့်ပြီးသောဇာတ်ငါးရာ့ငါးဆယ်ရုပ်ကြွအနုပညာမြန်မာလက်ရာများဖြင့်မွမ်းမံတန်ဆာဆင်ထားသည်ကိုတွေ့ရှိရသည်။ ထိုပြင်မြန်မာအနုပညာ့လက်ရာစဉ့်ကွင်း ရုပ်ကြွငါးရာ့ငါးဆယ်ဇာတ်အမွမ်းအကဲများနှင့် ပဌမသင်္ဂါယနာ၊ ဒုတိယသင်္ဂါယနာ၊ တတိယသင်္ဂါယနာရုပ်ကြွများသည် မင်းကွန်းစေတီကြီးကိုပတ်ချာရံကာ မွမ်းမံဖို့အတွက်ဗဒုံမင်းတရားက ရည်ရွယ်ထားသောစဉ့်ကွင်းများဖြစ်သည်ဟုသိရ၏။ သို့သော်ဘုရားကြီးအပြီးမသတ်ဘဲ ဗဒုံမင်းတရားကြီးနတ်ရွာစံသွား

---

၂။ လူဖေဝင်း၊ ဦး။ မြန်မာပိဋကတ်တိုက်များ (ရန်ကုန်စာပေဗိမာန်၊ ၁၉၆၆) စာ – ၇၉

၃။ လူဖေဝင်း၊ ဦး။ မြန်မာပိဋကတ်တိုက်များ (ရန်ကုန်စာပေဗိမာန်၊ ၁၉၆၆) စာ – ၇၉ – ၈၀။

၄။ လူဖေဝင်း၊ ဦး။ မြန်မာပိဋကတ်တိုက်များ (ရန်ကုန်စာပေဗိမာန်၊ ၁၉၆၆) စာ – ၈၁။

သောကြောင့်အချို့သောစဉ့်ကွင်းတို့သည် ရွှေကျင်ဆရာတော်ဘုရားဦးဇာဂရ၏အရိုးအိုးစေတီကို မင်းကွန်းရွာ၌တည်ထားကိုးကွယ်ရာဝယ် မွမ်းမံခြယ်လှယ်ရာ၌လည်းကောင်း၊ ဦးပုကြီး၏ပိဋကတ်တိုက်အနီး သာသနာ့အဆောက်အအုံကို မွမ်းမံတန်ဆာဆင်ရာ၌လည်းကောင်း အသုံးပြုလိုက်ကြသည်ဟုသိရှိရပါသည်။

## ကင်းဝန်မင်းကြီး၏ပိဋကတ်တိုက်

## ကင်းဝန်မင်းကြီး

ကင်းဝန်မင်းကြီးသည်မြန်မာတို့၏ နောက်ဆုံးမင်းဆက်များဖြစ်ကြသော မင်းတုန်းမင်းနှင့် သီပေါမင်းတို့လက်ထက်တွင်နိုင်ငံတာဝန်ကို ကျေပွန်စွာထမ်းရွက်ခဲ့သူဖြစ်သည်။ ငယ်မည်မောင်းချင်းဖြစ်သည်။ ငယ်စဉ်ကတည်းက ပိဋကတ်ကျမ်းဂန်များကို နှံ့စပ်အောင်သင်ကြားခဲ့သူဖြစ်သည်။ ပုဂံမင်းလက်ထက်တွင် မင်းတုန်းမင်းသားအပါး၌ အမှုတော်ထမ်းရွက်ခဲ့သည်။ မင်းတုန်းမင်းသားသည် မောင်ချင်းမှ မောင်ကောင်းအမည်သို့ ပြောင်းလဲစေပြီးလျှင်မိမိ၏မင်္ဂလာအိမ်တော်၌ အမှုတော်ထမ်းစေခဲ့သည်။

## ဇာတိ

ယခုပုလဲနှင့် ဆားလင်းကြီးမြို့နယ်များဖြစ်သော ဗန့်ကျီတိုက်နယ်၊ မင်းတိုင်ပင်ရွာဇာတိ၊ အဖ အတွင်း ခြောက်စုနတ်သျှင်ရွှေးတပ်တွင် အမှုထမ်းသောသွေးသောက်ကြီးဦးမှို၊ အမိဒေါ် နှင်းဆီတို့မှ ၁၁၈၃ ခု၊ တပို့တွဲလဆန်း ၁၂ ရက်၊ တနင်္ဂနွေနေ့တွင်ဖွားမြင်သည်။ သက္ကရာဇ် ၁၂၇၀ ပြည့်နှစ်၊ အသက် ၈၆ တွင်အနိစ္စရောက်သည်။ မြန်မာမင်းစုစုပေါင်းငါးဆက်တိုင်အောင်မှီ၍ ရှေ့မှီ၊ နောက်မှီ ပုဂ္ဂိုလ်ကြီးဖြစ်သည်။

ကင်းဝန်မင်းကြီးသည်မင်းတုန်းမင်းသားကြီး၏ အလွန်ယုံကြည်အားထားရသောသူဖြစ်သည်။ မင်းတုန်းမင်းသားအထွက်အထိပ်သို့ရောက်ရှိလေသောအခါ ကင်းဝန်မင်းကြီးသည်စစ်ကိုင်းမြို့နယ်၊ ရွာသစ်ကြီးရွာကိုစားရပြီး ရွှေတိုက်စိုးအဖြစ်အမှုထမ်းရသည်။

## ကင်းဝန်အမည်ရပုံ

မြင်ကွန်းမြင်းခုံတိုင်အရေးတော်ပုံတွင် ကနောင်မင်းသားကျဆုံးပြီးနောက် မင်းတုန်းမင်းတရားကြီးသည် ဦးကောင်းကိုအပါးတော်တွင် ခစားစေသည်။ အရေးတော်ပုံအေးငြိမ်းသောအခါ ကြည်းကင်း၊ ရေကင်းစသည်တို့ ကြီးကြပ်အုပ်ချုပ်ရန်ကင်းဝန်ရာထူးသို့တိုးပေးခဲ့သည်။ ထိုအချိန်မှစ၍ ကင်းဝန်မင်းကြီးဦးကောင်းဟုကျော်ကြားလာလေသည်။

ကင်းဝန်မင်းကြီးဦးကောင်းသည် မြန်မာနိုင်ငံစာပေသမိုင်းတွင်သာမက မြန်မာစာပေကျမ်းတွင်းလည်းအထူးထင်ရှားသော ပညာရှိကြီးတစ်ဦးဖြစ်သည်။ သူပိုင်ပိဋကတ်တိုက်လည်းရှိ၏။ ကင်းဝန်အရာ၌ထမ်းရွက်နေစဉ် ဓမ္မသတ်ကျမ်းများကို ပြုစုရေးသားသည်။ ထို့ပြင်ဆောင်းပါးရတုနှင့် မေတ္တာစာများကိုလည်း ရသမြောက်အောင်ရေးသားခဲ့သည်။

## ကင်းဝန်မင်းကြီးနှင့် နိုင်ငံခြားခရီး

ကင်းဝန်မင်းကြီးသည် နှလုံးရည်ပညာနှင့် ပြည့်စုံသူဖြစ်၍မင်းတုန်းမင်းလက်ထက်တွင် အင်္ဂလန်နှင့် ဥရောပနိုင်ငံများသို့ သံတမန်အဖြစ်စေလွှတ်ခြင်းကိုခံရသည်။ အပြန်လမ်းခရီး၌တွေ့ကြုံခဲ့ရသော မှတ်သားဖွယ်ရာတို့ကို လန်ဒန်သွားမှတ်တမ်းနှင့် ပြင်သစ်သွားမှတ်တမ်းဟူ၍မှတ်တမ်းကြီးနှစ်စောင်ကို ရေးသားခဲ့သည်။

"သံအမတ်အနေနှင့်နိုင်ငံခြားသို့သွားသော ကင်းဝန်မင်းကြီးသည်ယခုအခါ လွန်စွာတိကျလှသောရာဇဝင်သမိုင်းသာမက အထောက်အထားကြီးဖြစ်သည့်အပြင် နေ့စဉ်မှတ်တမ်းကိုဘယ်လိုရေးသင့်ရေးထိုက်သည်ဟူသော နမူနာစံပြကြီးတစ်ခုလည်းဖြစ်၍နေချေသည်။"[၅]

သီပေါမင်းလက်ထက်တွင်လည်း ကင်းဝန်မင်းကြီးသည် ဝန်ကြီးများကိုသာ ပေးသနားတော်မူသောလက်ဝဲတောင်စစ်သူကြီးရာထူးကို ပေးအပ်ခြင်းခံရသည့်အပြင် သက်တော်ရှည်ဟူသောဘွဲ့ကိုလည်းထပ်လောင်း၍ ချီးမြှင့်ခြင်းခံရပြန်သည်။

မင်းတုန်းမင်းနှင့် သီပေါမင်းတို့၏လက်ထက်တွင် ထင်ပေါ်ကျော်ကြားလှသောသတိုးမင်းကြီးမဟာမင်းလှစည်သူဘွဲ့ခံ ကင်းဝန်မင်းကြီးသည် ဗြိတိသျှတို့ အထက်မြန်မာနိုင်ငံကို သိမ်းပိုက်ပြီးနောက် လူသိအများဆုံးပုဂ္ဂိုလ်တစ်ဦးဖြစ်ခဲ့၏။ နိုင်ငံခြားသို့မြန်မာသံအဖြစ်သွားရောက်ခဲ့စဉ်က ပြင်သစ်သမ္မတကဂရန်ချေ့ာပစ္စောယတံဆိပ်ဖြင့်လည်းကောင်း၊ ဂရန်ကော်ရတွန်ခေါ် ရင်သိုင်းစလွယ်နှင့်တံဆိပ်တို့ဖြင့်လည်းကောင်း၊ ဝိမူရာဘုရင်မကစီအက်စ်အိုင်ဘွဲ့ထူးဖြင့်လည်းကောင်း ချီးမြှင့်ခြင်းခံခဲ့ရပါသည်။ ကင်းဝန်မင်းကြီးသည် အုပ်ချုပ်ရေးဘက်တွင်သာမက စာပေနယ်တွင်လည်းထင်ပေါ်ကျော်ကြားခဲ့လေသည်။

ကင်းဝန်မင်းကြီးပြုစုခဲ့သောကျမ်းများမှာ မြန်မာစာပေလောကတွင် များပြားလှပေသည်။ ကဗျာ ဘက်တွင်ရတုရကန်၊ သဖြန်၊ တေးထပ်၊ ချေင်း၊ မော်ကွန်း၊ လူးတား၊ ပျို့ စသည်ဖြင့် မျိုးစုံပြောင်မြောက်စွာရေးသားခဲ့၏။ ထင်ပေါ်သောကျမ်းများမှာ စကားပြေဖြင့် လန်ဒန်သွား၊ ပြင်သစ်

---

၅။ လူဖေဝင်း၊ ဦး။ မြန်မာပိဋကတ်တိုက်များ (ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၆၆) စာ – ၄၂။

သွားနေ့စဉ်မှတ်တမ်းများ၊ ဓမ္မသတ် လက်ထက်တွင်ဓမ္မသတ် ၃၆ စောင်ချုပ်၊ အမွေမှုဓမ္မသတ် လင်္ကာများ၊ အဋ္ဌသံခေပဝဏ္ဏနာ၊ ပကိဏ္ဏကဓမ္မသတ်လင်္ကာတို့ပါဝင်သည်။ ဂီတဘက်တွင်လည်း ယိုးဒယား၊ ပတ်ပျိုး၊ ဟန်ချင်း အစ ရှိသဖြင့်ရေးသားခဲ့သည်ကိုတွေ့ရှိရပါမည်။

မင်းကြီးသည် ကိုယ်ပိုင်ပိဋကတ်ဖြင့် စာပေစုဆောင်းထိန်းသိမ်းသည့်အပြင် ပညာရပ်အမျိုးမျိုး ကိုအခြေပြုပြီးရေးသားသည့် စာပေအမွေအနှစ်တို့မှာပိဋကတ်ကောင်းတစ်ခု၏ အားထားရာမှပေါ် ပေါက်လာရသည့်ထူးခြားသည့် သာဓကဟုဆိုရပေမည်။

မြန်မာထီးမွေနန်းမွေကို ၁၈၈၆ ခုနှစ်တွင်အင်္ဂလိပ်တို့သိမ်းပိုက်ပြီးနောက် နန်းတွင်းစာပေ များကို ရန်ကုန်သို့ပြောင်းရွှေ့သယ်ယူသည့် အခြေတွင်းသို့အင်္ဂလိပ်အစိုးရ၏ အတိုင်ပင်ခံ ကင်းဝန် မင်းကြီးသည် ရန်ကုန်အင်္ဂလိပ်အစိုးရရုံးတွင် အမှုထမ်းသည့်ကာလ၌ ၎င်း၏ပိဋကတ်တိုက်ရှိ စာစု များသည် ရန်ကုန်သို့အခြေအနေအရရောက်ရှိလာခဲ့ရသည်။

## ပိဋကတ်တိုက်

ကင်းဝန်မင်းကြီး၏ပိဋကတ်တိုက်သည် ရန်ကုန်မြို့၊ အတွင်းဝန်များရုံ၊ စပယ်လမ်း (ဗိုလ်အောင်ကျော်လမ်း) သို့မျက်နှာမူနေသော အောက်ထပ်အခန်း၌ တည်ရှိသည်။ ဗီရိုကြီးပေါင်း ဆယ်လုံးခန့် ပေထုပ်များနှင့်အပြည့်ရှိသည်။ သာသနိကကျမ်းများဖြစ်သော ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ၊ ဂဏ္ဌိ၊ နိဿယအဖောင်း အသစ်တို့အပြင် ရာဇဝင်သမိုင်း၊ မော်ကွန်း၊ စကားပြေ၊ ကဗျာ၊ လင်္ကာ၊ ပျို့၊ ရကန်၊ ရတု၊ သတ်ပုံ၊ သံပေါက်၊ သတ်ညွှန်း၊ ခွဲထားလင်္ကာတို့နှင့်နီတိကျမ်းဂန် အမျိုးမျိုးတို့ရှိသည်။ ထို့ပြင် ကာမန္တကီနီတိကျမ်းနှင့် တကျွန်းနီတိကျမ်း၊ ကင်းဝန်မင်းကြီး ကိုယ်တိုင်လက်ရေးဖြင့် ရေးသားထား သောနေမိရကန်၊ တိဏ္ဍုကပျို့၊ မန္တလေးဘွဲ့မော်ကွန်းနှင့် မေတ္တာစာ၊ ရာမရကန်အစရှိသဖြင့် ကင်းဝန်မင်းကြီး၏ပိဋကတ်တိုက်သည်အံ့သြဖွယ်ရာ လွှန်စွာ စုံလင်လှသော မြန်မာမှုအနုစာပေ ဥယျာဉ်ဗိမာန်ကြီးပင်ဖြစ်ပေသည်။ ဘားနဒ်ပိဋကတ်တိုက် အကျိုးဆောင်စာကြည့်တိုက်မှူး ချားလ်ဒူရွိ ဆယ်နှင့် ပါဠိဆရာဖြေတို့စီစဉ်သော ကတ်တလောက် စာရင်းအရ ပေပုရပိုက်ပုံနှိပ်စာပေါင်း ၁၃၃၃ ထုပ်ရှိသော်လည်း စစ်ဒဏ်ကြောင့် အချို့မှာပျက်စီး ပျောက်ဆုံးသဖြင့်အမျိုးသားစာကြည့်တိုက်တွင် ပေစာထုပ်ပေါင်းသုံးရာကျော်နှင့် ပုရပိုက်ခုနစ်ရာ ကျော်သာရှိတော့သည်။

ပုရပိုက်များစာရင်း၏အမှတ်စဉ် ၁ မှ ၆၄ သည်များသောအားဖြင့် ပါဠိဘာသာဖြင့်ရေးသား ထားသောဗုဒ္ဓဘာသာလောကုတ္တရာစာအုပ်များဖြစ်သည်။ ၇၁ မှ ၁၄၃ သည်အနုစာပေများဖြစ်ပြီး ၁၄၄ မှ ၁၆၃ သည် လောကီဆိုင်ရာများဖြစ်သည့် ပြက္ခဒိန်လုပ်နည်း၊ ဗေဒင်ရှေးဖြစ်ဟောနည်း၊

မျက်လှည့်ပညာနှင့် ဆေးကျမ်းဆိုင်ရာစာအုပ်များဖြစ်သည်။ ၁၆၄ မှ ၃၉၀ သည် ဓမ္မသတ်ကျမ်းစာများဖြစ်ပေသည်။[၆]

၁၉၃၅ ခုနှစ်တွင် ကင်းဝန်မင်းကြီးပိဋကတ်တိုက်သည် ရန်ကုန်အရှေ့ပိုင်း၊ ဒါလဟိုဇီလမ်းနှင့် ခရစ်လမ်းထောင့် တိုက်အမှတ် ၃၂၀ အထက်သို့ပြောင်းရွှေ့ပြီး ၁၉၈၅ ခု၊ ဒီဇင်ဘာလ ၆ ရက်နေ့မှစ ကာတနင်္လာ၊ ဗုဒ္ဓဟူး၊ စနေနေ့များတွင် မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိဖွင့်လှစ်ထားခဲ့သည်။ ကင်းဝန်မင်းကြီးစုဆောင်းထားခဲ့သော ပေပုရပိုက်များကို စုစုပေါင်းငွေ (၁၀၀၀၀) နှင့်ဘားနဒ် ပိဋကတ်တိုက်အတွက်ဖယ်ပြီး ကင်းဝန်မင်းကြီးပိဋကတ်တိုက်အမည်ဖြင့် သီးခြားဖွင့်လှစ်ထားခဲ့၏။ တသီးတခြားဖွင့်လှစ်ထားရသော်လည်း ဘားနဒ်ပိဋကတ်တိုက်အုပ်ချုပ်ရေးအဖွဲ့ကပင်တာဝန်ခံ ပြီးအုပ်ချုပ်ရသည်။ ဘားနဒ်တိုက်တွင်နေရာမရှိသဖြင့် ရှေးကအတွင်းဝန်များရုံးတွင် ဖွင့်ထားရသည်။ ထို့နောက်ဟံသာဝတီရုံးဟောင်းကြီးတွင် ချောင်ကျ၍အလင်းရောင်ရှားပါးသည့် အခန်းတစ်ခု၌ရွှေ့ပြီး ထားသည်။ တစ်ဖန် ခရစ်လမ်းဒေါင့်နှင့် ဒါလဟိုဇီလမ်းထောင့်ရှိ တိုက်သို့ရွှေ့ ပြန်သည်။ ထို့မှ တစ်ဆင့် ယခုအခါ မြူနီစပယ်ရုံးကြီးတွင်မူရင်းစာပေဌာနနှင့် ပုံနှိပ်စာအုပ်များပူးပေါင်းကာဖွင့်လှစ် ခဲ့သည်။ ထို့ကြောင့် ကင်းဝန်မင်းကြီးပိဋကတ်တိုက်သည် ၁၈၉၄ ခုနှစ်မှ ၁၉၂၂ ခုနှစ်ခန့်အထိအတွင်း ဝန်ရုံးဟောင်း၊ ၁၉၃၀ ကျော်တွင်ခရစ်လမ်းနှင့် ဒါလဟိုဇီလမ်းထောင့်၊ စစ်မဖြစ်မီ ၁၉၄၀ ပြည့်ပတ် ဝန်းကျင်တွင် မြူနီစပယ်ရုံး၌အသီးသီးပြောင်းရွှေ့ဖွင့်လှစ်ခဲ့သည်။[၇]

၁၉၃၆ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့တွင်ကျင်းပသည့် ယုဒသန်ကျောင်းတိုက်မြန်မာ စာပေအသင်းဟောပြောပွဲတွင် ဆရာကြီးသခင်ကိုယ်တော်မှိုင်းက ကင်းဝန်မင်းကြီးပိဋကတ်တိုက်နှင့် ပတ်သက်၍အောက်ပါအတိုင်းပြောကြားခဲ့သည်။

"မြန်မာစာပေပိဋကတ်တိုက်ဖြစ်တဲ့ ကင်းဝန်မင်းကြီးပိဋကတ်တိုက်ကို ဆရာသွားလေ့ရှိ တယ်။ စာအုပ်များကိုထားပုံသိုပုံကတော့ ပစ်စလက်ခတ်၊ လူ (၇) ယောက် (၈) ယောက်ရှိရင် ကြမ်းပေါ်မှာထိုင်ဖတ်ရတယ်။ ဒီစာအုပ်တွေကလဲ မြန်မာမင်းကိုမန္တလေးတက်ဖမ်းစဉ်က ယူခဲ့တဲ့ စာအုပ်တွေပါ။ အခုဘယ်လောက်သေးသိမ်နေခဲ့သလဲ""[၈]

စာပေထိန်းသိမ်းမှုအားနည်းခဲ့သည့် အခြေအနေနှင့် စာကြည့်တိုက်ပညာ မထွန်းကားသေး

---

၆။ တင်ဦး၊ ဦး။ ရှေးခေတ်မြန်မာစာကြည့်တိုက်များ၊ စာကြည့်တိုက်လုပ်ငန်း (ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၇၁) စာ – ၅၇။

၇။ ကောင်းမြင့်၊ မောင်။ ခေတ်ဟောင်း၊ ခေတ်သစ်စာကြည့်တိုက်ခရီး ၁၀၅၇ – ၁၉၇၃ (ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၇၈) စာ – ၇၉။

၈။ မြန်မာ့အလင်းသတင်းစာ။ ၂၂/ ၁/ ၃၆၊ စာ – ၅၂။

သည့်ကာလတွင် ပကတိမြင်တွေ့ရသော အားနည်းချက်ကို ဆရာကြီးသခင်ကိုယ်တော်မှိုင်း မိန့်မှာချက်တို့ကိုသတိပြုမှတ်သားမိပေသည်။

စစ်အတွင်း၌တန်ဖိုးမဖြတ်နိုင်သည့် စာပေဘဏ္ဍာတိုက်ကြီး ပျက်စီးဆုံးရှုံးမည့်အန္တရာယ်မှ လွတ်မြောက်ရန် ဦးသိန်းဟန် (ဇော်ဂျီ) နှင့် ဦးဝင်း (မင်းသုဝဏ်) တို့က ကင်းဝန်မင်းကြီး၏ပိဋကတ်တိုက်ကိုထိန်းသိမ်းစောင့်ရှောက်ခဲ့ပါသည်။ စစ်ဒဏ်မှကင်းဝေးစေရန် တွံတေးမှတစ်ဆင့် တောရွာကလေးတစ်ရွာသို့ခေတ္တပို့ထားပေးသည်။ ထိုမှတဖန် ရန်ကုန်မြို့ကြီးသို့ ပြန်ရောက်လာပြန်သည်ဟု သိရှိရပါသည်။ သို့ပါသောကြောင့်ကင်းဝန်မင်းကြီး၏ ပေ၊ ပုရပိုက်အဆူဆူအချို့မှာ ရွှေ့ပြောင်းရမှုများကြောင့်အပျောက်အရှနှင့်အချို့မှာ ပျက်စီးဆုံးရှုံးမှုများနှင့်ရင်ဆိုင်ရရှာလေသည်။ ဆရာဇော်ဂျီနှင့် ဆရာမင်းသုဝဏ်တို့သာ စစ်အတွင်းဝေးရာသို့မပြောင်းရွှေ့ထားပါက ယခုအခါတစ်စောင်မျှပင်ကျန်မည်မဟုတ်ပါ။ ကင်းဝန်မင်းကြီး၏မူ၊ ကင်းဝန်မင်းကြီး၏ပိုင် ပေ၊ ပုရပိုက်များကိုကြည့်ရှုလေ့လာလိုပါလျှင်အမျိုးသားစာကြည့်တိုက်သို့ သွားရောက်ကြည့်ရှုလေ့လာနိုင်သည်။

မြန်မာစာပေပါမောက္ခသခင်ကိုယ်တော်မှိုင်းက ပါဠိစာပေကထိကဦးလှုဖေဝင်းအား ကင်းဝန်မင်းကြီး၏ပိဋကတ်တိုက်သို့ သွားရောက်လေ့လာရန်တိုက်တွန်းသောကြောင့် ကင်းဝန်မင်း၏ပိဋကတ်တိုက်နှင့်စပ်လျဉ်း၍ ဦးလှုဖေဝင်းမှဤသို့ဆို၏။

"အတွင်းဝန်မင်းရုံးအတွင်းသို့ ကင်းဝန်မင်းကြီးဦးကောင်းပိုင် ပေစာထုပ်များ၊ ပေပုရပိုက်ဗီဒိုများသည် ဘယ်သောအခါမှစ၍မည်သူ၏ အားထုတ်ယူခြင်းမှဖြင့်တစ်စုတစ်ရုံးတည်း ရောက်ရှိနေခဲ့သည်ဟူသောရာဇဝင်သမိုင်းကို ကျွန်တော်သည်တပ်အပ်သေချာစွာမသိရ။ ကျွန်တော်အသက် ၂၁ နှစ်အရွယ်တွင် ထိုပိဋကတ်တိုက်သည် အံ့ဩဖွယ်ရာလွန်စွာစုံလင်လှသော မြန်မာမှုအနုစာပေဥယျာဉ်ဗိမာန်ကြီးဖြစ်နေချေပြီ။"[၉]

ကင်းဝန်မင်းကြီး၏ပိဋကတ်တိုက်ရှိပေ၊ ပုရပိုက်နှင့် သာသနိကကျမ်းများ၊ ရာဇဝင်ဆိုင်ရာစာပေ၊ မော်ကွန်း၊ စကားပြေ၊ ကဗျာလင်္ကာအစရှိသဖြင့် နီတိကျမ်းဂန်အမျိုးမျိုးတို့ကို –

"ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ တိုက်တွန်းချက်အရ ထိုကင်းဝန်မင်းကြီး ပိဋကတ်တိုက်သို့ရက်ခြားလိုလို ကျွန်တော်သွားရောက်၍ ပေစာတို့ကိုဖတ်ရှုကူးယူလေ့ရှိ၏။ အထူးသဖြင့်ကမန္တနီတိကျမ်းနှင့် တကျွန်းနီတိကျမ်းတို့ကို ကျွန်တော်ကူးယူ၏။ ကင်းဝန်မင်းကြီးကိုယ်တိုင် လက်ရေးဖြင့်ရေးသားထားခဲ့သော နေမိရကန်၊ တိတ္ထုကမျိုး၊ မန္တလေးဘွဲ့မော်ကွန်းနှင့် မေတ္တာစာများကို ပျို့ ပုရပိုက်

---

[၉]။ လှုဖေဝင်း၊ ဦး။ မြန်မာပိဋကတ်တိုက်များ၊ စာ – ၃၈။

တွင် ကျွန်တော်ဖတ်ရှုခွင့်ရလိုက်၏။ မင်းကြီးဦးကောင်း၏ ရာမရကန်မှုကို ကျွန်တော် ကူးယူခွင့်ရလိုက်၏။

ကင်းဝန်မင်းကြီးပိဋကတ်တိုက်ရှိ ကျမ်းစာရင်းအချို့ကို နောင်လူများသိရှိလေ့လာနိုင်ရန် ကောက်နုတ်တင်ပြအပ်ပါသည်။

## ပုဂံဝန်ထောက်မင်း ဦးတင်ပိဋကတ်တိုက်

### ပုဂံဝန်ထောက်ဦးတင်

ပုဂံဝန်ထောက်ဦးတင်ကို သက္ကရာဇ် ၁၂၂၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက် စနေနေ့တွင်မန္တလေးမြို့၌ဖွားမြင်သည်။ ငယ်မည်မှာ မောင်မောင်တင်ဖြစ်သည်။ ဖခင်ဖြစ်သူမှာ အသုံးစာရေး ဝေကွင်းငါးမြို့ဝန်စာဆိုတော် "မဟာမင်းလှသခ်ယာ"ဘွဲ့ခံဦးမောင်ဖြစ်၍ မိခင်မှာ အသုံးစာရေး စာဆို တော်အင်းတိုက်စား "မဟာမင်းခေါင်ရာဇာ"ဦးမဲ၏သမီးဒေါ် စောဖြစ်သည်။

အသက်သုံးလေးနှစ်အရွယ်တွင် အိမ်၌ပင်စာပေများကို သင်ကြား၍ အသက် ၉ နှစ်အရွယ် အရောက်တွင်အမရပူရမြို့ဘုံကျောင်းတိုက်တွင်ကျောင်းသားအဖြစ် ပညာရည်နို့သောက်စို့ခဲ့၍ ၁၁ နှစ်အရွယ်၌ ရှင်သာမဏေပြုသည်။ ဘွဲ့အမည်မှာ "ရှင်နိမလ"ဖြစ်ပြီး ဘုံကျောင်းဆရာတော် ဘုရားထံ၌ စာပေများကိုလေ့လာဆည်းပူးခဲ့သည်။ ဘုံကျောင်းဆရာတော်ဘုရားကြီး ပျံလွန်တော်မူသောအခါမန္တလေးမြို့ ဘုံကျောင်းတိုက်သစ်သို့ရွှေ့ပြောင်း၍ စာပေများကိုလေ့လာဆည်းပူးခဲ့သည်။

ဦးတင်သည် စာပေရေးရာ၌ အလွန်တော်သူဖြစ်သည်။ အသက် ၁၃ နှစ်အရွယ်၌ပင် ကင်းဝန်မင်းကြီး၏အဋ္ဌသခေ်ပဓမ္မသတ်လင်္ကာ ၇၂ ပုဒ်ကို အာဂုံအောင်နိုင်ပြီး အနက်အဓိပ္ပါယ်ကိုပါသေချာကျနစွာတတ်ကျွမ်း၍ ကင်းဝန်မင်းကြီး၏ချီးကျူးခြင်းကို ခံရသူဖြစ်သည်။ အသက် ၁၅ နှစ်အရွယ်တွင် ရှင်လူထွက်၍ ရွှေတိုက်ဝန်တောင်ခွင်မြို့စား မင်းလက်အောက်၌ မြန်မာမင်းနှစ်ဆက်တိုင်တိုင် အသက် ၂၃ နှစ်အထိ စာရေးတော်အရာနှင့် ထမ်းရွက်ခဲ့သည်။ ဤကဲ့သို့ထမ်းရွက်နေစဉ် သက္ကရာဇ် ၁၂၄၂ ခုနှစ်၊ သီပေါမင်းလက်ထက် ဇေတဝန်ဆောင်တော်အတွင်းကျင်းပသည့် စာရေးတော်များ ဖြေဆိုရသည့်စာမေးပွဲ၌ သတ်ပုံသတ်ညွှန်းတွင်ပထမရသည့်အတွက် နော်ရထာကျော်ထင်ဘွဲ့ကို အသက် ၁၉ နှစ်အရွယ်မှာပင် ရရှိခဲ့သည်။

သက္ကရာဇ် ၁၂၄၇ ခုနှစ်အတွင်း မြန်မာနိုင်ငံကို အင်္ဂလိပ်တို့သိမ်းပိုက်ပြီးချိန် အသက် ၂၃ နှစ်အရွယ်မှစ၍ ၂၆ နှစ်တိုင်အောင် အင်္ဂလိပ်လက်အောက်အစိုးရ မန္တလေးလွှတ်တော်တွင် အမှုထမ်းရွက်ခဲ့သည်။

အသက် ၂၇ နှစ်မှ ၃၃ နှစ်အထိမြန်မာနိုင်ငံအတွင်းဝန်ရုံးစာတော်ပြန်ဌာနနှင့် ကျောက်စာဌာနများတွင် တာဝန်ယူ၍ထမ်းဆောင်ခဲ့ရပြန်သည်။ ဦးတင်သည်အသက် ၃၃ နှစ်ကျော်အချိန်တွင် ပုဂံမြို့၌မြို့အုပ်ရာထူးဖြင့် ချီးမြှင့်ခြင်းခံရသည်။ အသက် ၃၆ နှစ်၌အေတီအမ်တံဆိပ် ပေးအပ်ခြင်းခံရသည်။ အသက် ၄၄ နှစ်တွင်ခေတ္တနယ်ပိုင်ဝန်ထောက်ရာထူးတွင် ခန့်အပ်ခြင်းခံရပြီး အသက် ၄၆ နှစ်တွင်အမြဲတမ်းအဖြစ်ခန့်အပ်ခြင်းခံရသည်။ ထို့ကြောင့်ပုဂံဝန်ထောက်ဦးတင်ဟုထင်ရှားလာခဲ့သည်။ အသက် ၄၉ နှစ်တွင်ဒေလီမြို့၌ပဥ္စမမြောက် ဂျော့ဘုရင်၏ရွှေတော်သို့ဝင်ရ၏။ အသက် ၅၂ နှစ်တွင် ကေအက်စ်အမ်ဘွဲ့ကို အပ်နှင်းချီးကျူးခြင်းခံရသည်။ အသက် ၆၀ တွင်အငြိမ်းစားရိက္ခာတော်ကိုရ၏။ ထို့နောက် ၃ နှစ်ခန့်မြန်မာ့လွှတ်တော်အမှတ်အသားများကို အထူးဝတ္တရားများအဖြစ်ဆောင်ရွက်ရပြီး၊ အသက် ၆၃ နှစ်တွင်အငြိမ်းစားယူသည်။ အသက် ၆၅ နှစ်တွင် ရန်ကုန်တက္ကသိုလ်ကျောင်း၌ မြန်မာဆရာကြီးအဖြစ် တစ်နှစ်ခန့်စာပေပို့ချခဲ့၍ အသက် ၇၁ နှစ်အရွယ်တွင်တက္ကသိုလ်အုပ်ချုပ်ရေးအဖွဲ့မှ မဟာဝိဇ္ဇာအမ်အေဘွဲ့ဖြင့် ဦးတင်အား ချီးမြှင့်ခဲ့သည်။

## ဓမ္မဘဏ္ဍာတိုက်

ပုဂံဝန်ထောက်ဦးတင်သည် သူပိုင်ပေစာ၊ ပုရပိုက်စာ၊ ပုံနှိပ်စာများဟုဆိုအပ်သော ဓမ္မဘဏ္ဍာတိုက်ကြီးကို ဗီရိုကြီးငါးလုံးစာမျှ စုဆောင်းထားရှိခဲ့ပါသည်။ ယင်းတို့ကို "ပုဂံဝန်ထောက်ဦးတင်၏ပိဋကတ်တိုက်ဟူ၍ ကမ္ဗည်းထိုးကာ အင်္ဂလိပ်အစိုးရအား လှူဒါန်းရာအစိုးရက ကင်းဝန်မင်းကြီး၏စာဗီရိုများနှင့်အတူ ထားရှိလေသည်။"[၁၀]

၂၅ – ၆ – ၄၀ နေ့ထုတ် သူရိယသတင်းစာတွင် ကင်းဝန်မင်းကြီးပိဋကတ်တိုက်တွင် ပုဂံဝန်ထောက်ဦးတင်၏ပေမူ၊ ပုရပိုက်မူနှင့် လက်ရေးမူများကို ငွေ (၅၀၀၀) ကျပ်နှင့်ဝယ်ယူပြီး စာဖတ်သူများ အတွက်ထားရှိသည်ဟုပါရှိသည်။ ထို့နောက်ကင်းဝန်မင်းကြီး ပိဋကတ်တိုက်နှင့် ပုဂံဝန်ထောက်မင်း ဦးတင်ပိဋကတ်တိုက်တို့မှ ကျမ်းများကိုဝယ်ယူကာ တစ်ပေါင်းတည်းစုစည်းပြီး မြူနီစပယ်ရုံး၌ ၁၇ . ၆. ၄၀ နေ့တွင်ဖွင့်လှစ်သည့် ဘားနဒ်အခလွတ်စာကြည့်တိုက်၌ ထားရှိခဲ့လေသည်။[၁၁]

ဒုတိယကမ္ဘာစစ်ပြီးနောက် ဘားနဒ်၌ပိဋကတ်တိုက်မှ ပေ၊ ပုရပိုက်၊ ပုံနှိပ်စာများကိုအမျိုးသား

---

၁၀။ တင်ဦး၊ ဦး။ ရှေးခေတ်မြန်မာစာကြည့်တိုက်များ၊ စာကြည့်တိုက်လုပ်ငန်း (ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၇၁) စာ – ၅၈။

၁၁။ ကောင်းမြင့်၊ မောင်။ ခေတ်ဟောင်းခေတ်သစ်စာကြည့်တိုက်ခရီး ၁၀၅၇ – ၁၉၇၃ (ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၇၈) စာ – ၈၂။

F 6R

စာကြည့်တိုက်သို့ရွှေပြောင်းထားသဖြင့် ပုဂံဝန်ထောက်ဦးတင်ပိဋကတ်တိုက်မှ စာအုပ်စာတမ်းများကိုယခုအခါမျိုးသားစာကြည့်တိုက်၌ တွေ့နိုင်သည်။ စစ်ဒဏ်ကြောင့် ပေပုရပိုက်အချို့ပျက်စီးခဲ့သဖြင့် ယခုအခါပေပုရပိုက် (၁၇၃) ကျမ်းသာလျှင်ရှိပေသည်။[၁၂]

ပုဂံဝန်ထောက်မင်းဦးတင်သည် စာကြည့်တိုက်ပညာလေ့လာသူတို့အဖို့ အထူးပင်နည်းယူဖွယ်ကောင်း၏။ မြန်မာဘုရင်လက်ထက်မှ ပေ၊ ပုရပိုက်များကိုဦးတင်သည် ကတ်တလောက်စာရင်းပြုစုသွားပုံမှာ အလွန်ပင်ခေတ်မီသည်။ ပေ၊ ပုရပိုက်၊ ပုံနှိပ်စာအုပ်များစာရင်းသွင်းခြင်း၊ ဘာသာရပ်အလိုက်ခွဲခြား၍ ဗီရိုများတွင်စနစ်တကျထားရှိခဲ့သူဖြစ်သည်။

ပုဂံဝန်ထောက်ဦးတင်ပြုစုခဲ့သောစာပေများ

| စဉ် | အမျိုးအမည် |
|---|---|
| ၁။ | ကဗျာဗန္ဓသာရကျမ်း |
| ၂။ | ကတည္တုတကတဝေဒီစာတမ်း |
| ၃။ | ကျောက်စာဝန်တော်စိန်ခိုအတ္ထုပ္ပတ္တိ |
| ၄။ | ကလျာဏီကျောက်စာအတ္ထုပ္ပတ္တိ |
| ၅။ | ခွဲထားကျော်၊ ဂူနှင့် ပုထိုးခွဲခြားပုံအတ္ထုပ္ပတ္တိ |
| ၆။ | ငါးရာငါးဆယ်ဇာတ်အတိုကောက် |
| ၇။ | စတုရာရက္ခစံပြကျမ်း |
| ၈။ | စာစစ်ဆေးနည်း |
| ၉။ | တောပုသျှင်ဥက္ကံသမာလာ မေတ္တာစာအဖွင့် |
| ၁၀။ | ဓမ္မဝါဒီစာတမ်း |
| ၁၁။ | နန်းသုံးနိဗ္ဗာန်ကမ္မဋ္ဌာန်း |
| ၁၂။ | ဒေလီသွားကဗျာ |

---

၁၂။ တင်ဦး၊ ဦး။ ရှေးခေတ်မြန်မာစာကြည့်တိုက်များ စာကြည့်တိုက်လုပ်ငန်း (ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၇၁) စာ – ၅၈။

၁၃။ နဂါးစာတမ်း
၁၄။ ပသင်္ဂဝိသောဓနီ
၁၅။ ပေါတကောဝါဒဆုံးမစာ (ပုံနှိပ်စာမူအတိုင်းဖော်ပြပါသည်)
၁၆။ ပုဂံအဋ္ဌုပ္ပတ္တိအကျယ်
၁၇။ မြန်မာနိုင်ငံနှင့် အခြားနိုင်ငံများဆက်ဆံပုံ
၁၈။ မြန်မာမင်းအုပ်ချုပ်ပုံနှင့် ဘိုးတော်ဘုရား၏ အမိန့်တော်ပြန်တမ်း
၁၉။ မြန်မာနိုင်ငံအောက်ပိုင်းရှိ ဘုရားများအကြောင်း
၂၀။ ပုဂံနယ်အတွင်းရှိ ဘုရားများအကြောင်း
၂၁။ ဝတ္ထုကံမြေစာတမ်း
၂၂။ ပန်းတမော့စာတမ်း
၂၃ မြန်မာနိုင်ငံရှိအဆောက်အဦ ၄၄ ခုအကြောင်းနှင့် မြင်းခြံနယ်မြို့ရွာများအဋ္ဌုပ္ပတ္တိ
၂၄။ ဘုန်းတော်မော်ကွန်း
၂၅။ မြန်မာစာအသက်ဆက်စာတမ်း
၂၆။ မြန်မာမင်းအင်္ဂလိပ်မင်းတို့အုပ်စိုးပုံနှိုင်းယှဉ်ချက်စာတမ်း
၂၇။ ရွှေဘိုဒိုင်းတော်ကြီး၊ ဒိုင်းတော်ကလေးစာတမ်း
၂၈။ သံဃာဂိုဏ်းကွဲပုံ
၂၉။ လွှတ်တော်အမှတ်အသားအမေးအဖြေ
၃၀။ သေလက္ခရစာတမ်း
၃၁။ လွှတ်တော်အဋ္ဌုပ္ပတ္တိနှင့် မဟာဆွေတော်စာရင်း
၃၂။ ရွှေတိဂုံဝတ္ထုကံမြေအကြောင်း
၃၃။ သမ္မဝါဒီသစ္စဝါဒီစာတမ်း
၃၄။ ဘိုးဘပိုင်စာတမ်း
၃၅။ သံချက်နည်းအဋ္ဌုပ္ပတ္တိ

၃၆။ ဝိဇ္ဇာအမျိုးမျိုးလင်္ကာ

၃၇။ အင်္ဂလိပ်မင်းတက်စမြန်မာမင်းမိဖုရားစာရင်း

၃၈။ အရာတော်မြေစာတမ်း

၃၉။ အာနပါနမော်ကွန်း

၄၀။ အသင်္ခကနိဗ္ဗာန်တရားမှန်မော်ကွန်းတို့ဖြစ်သည်။

## ဦးဘိုးသီပိဋကတ်တိုက်

## တစ်သိန်းတန်ပိဋကတ်တိုက်

မြန်မာနိုင်ငံအရပ်ရပ်၌ စာပေစုဆောင်းသူများသည် ဝါသနာအလျောက်တည်ထောင်ထားသောပုဂ္ဂလိကပိဋကတ်တိုက်များအနက်သံ ထိုမြို့ရှိပင်စင်ရနယ်ပိုင်ဝန်ထောက်မင်း ဦးဘိုးသီ၏ပိဋကတ်တိုက်သည်ထင်ရှားလသည်။ ပိဋကတ်တိုက်တည်ထောင်လုပ်ဆောင်မှု၌ ဦးဘိုးသီသည် အတုယူဖွယ်ကောင်းသောပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်သည်။ အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာရေးကိုရှေးရှုလျက် စာပေပိဋကတ်တိုက်ကြီးတစ်ခုကို သထုံမြို့မြသပိတ်တော်င်ခြေ၌ ကျပ်ငွေတစ်သိန်းအကုန်အကျခံကာ တည်ထောင်ခဲ့သည်။ ဝန်ထောက်ဦးဘိုးသီနှင့် မင်းကတော်ခင်ခင်ကြီးတို့၏တစ်သိန်းတန်ပိဋကတ်တိုက်ဖြစ်သည်။

## ဦးဘိုးသီး၏ဆန္ဒနှင့် လုပ်ဆောင်ချက်

ဦးဘိုးသီးသည်ဇရပ်ဆောက်၊ ကျောင်းတည်စာအုပ်ကုသိုလ်နှင့် မတင်းတိမ်နိုင် အားမရနိုင်ဘဲ ဓမ္မဒါနဟုဆိုအပ်သောအမြတ်ဆုံးဒါနကို ပြုလုပ်လိုသူဖြစ်သည်။ မိမိ၏အာသီသပြည့်ဝစိမ့်သောငှာ စာပေပိဋကတ်တိုက်ကြီးတစ်ခုကို ပြုစုပျိုးထောင်တည်ဆောက်လိုသည်။

ပါဠိမြန်မာစာပေအစုစုအတွက်အပြည့်စုံသော ပိဋကတ်တိုက်ကြီးဖြစ်လာစေရန် ရည်သန်လျက်ဦးဘိုးသီသည်သူ၏မိတ်ဆွေပညာရှိ စာပေဗဟုသုတပညာရှင်တို့နှင့် တိုင်ပင်လေသည်။ ဤကိစ္စနှင့်စပ်လျဉ်း၍ ဦးလူဖေဝင်းက အောက်ပါအတိုင်းတိုက်တွန်းခဲ့ပါသည်။

"လွန်ခဲ့သောနှစ်ပေါင်းသုံးဆယ်လောက်က ကျွန်တော်သည်ရန်ကုန်တက္ကသိုလ်ကျောင်းပိတ်ရက်အတွင်းသိတင်းကျွတ်လပြည့်ကျော်တွင် သထုံမြို့ရှိဦးဘိုးသီထံရောက်သွား၍စကားစမြည်းပြောကြရာဝယ် ထိုဥပသကာကြီးသည် မိမိပြုစုလုပ်ကိုင်မည့် ကြီးမားခမ်းနားသောဒါနဖြစ်သည့်ပိဋကတ်တိုက်တည်ထောင်မည့်အကြောင်းကို ထုတ်ဖော်ပြောဆိုလေတော့သည်။ ကျွန်တော်က ယင်းအကြံအစည်ကို အမြန်ဆုံးအထမြောက်ပါစေဟု ဆုတောင်းကာ များစွာသာဓုခေါ်ကြောင်း

ပြောဆိုပြီးလျှင် မင်းတုန်းမင်းတရားကြီးလက်ထက် စကြာဒေဝီမိဖုရားကြီးက စိတ်ဝင်စားစွာ နန်းမတော်ဝန်ဦးရုံကို ပိဋကတ်တိုက်စိုးခန့်အပ်လျက် ပေစာ၊ ပုရပိုက်စာတို့ကိုစုဆောင်းစေပြီးသော် စာပေစာရင်းကိုပြုလုပ်စေရာ ယခုအခါပိဋကတ်သမိုင်းအနေနှင့် ပုံနှိပ်စာအုပ်တစ်အုပ်၊ ပိဋကတ်သုံးပုံ စာတမ်းအနေနှင့် ပုံနှိပ်စာအုပ်တစ်အုပ် ပေါင်းနှစ်အုပ်ရှိကြောင်း။ ထိုစာအုပ်နှစ်အုပ်ဟာ စာပေ စာရင်းများအတိုင်း တစ်စောင်မျှမကျန်ရအောင် မရမကရှာဖွေ စုဆောင်းသင့်ကြောင်း အကြံပေးကာ ကျွန်တော်တိုက်တွန်းခဲ့ပါသည်။" ၃၃

ဝန်ထောက်မင်းဦးဘိုးသီးသည် ငွေတစ်သိန်းအကုန်အကျခံကာ ပါဠိမြန်မာစာပေစာအုပ် များကိုဝယ်ယူလေသည်။ ရှားပါးစာအုပ်များကို စာအုပ်အဟောင်းဆိုင်များ၊ လမ်းဘေးဆိုင်များ၊ ရွှေတိဂုံဘုရားကြီးဈေး၊ မန္တလေးဈေးချိုတိုက်တန်းစာအုပ်ဆိုင်များမှ ခဲယဉ်းစွာဖြင့်ဝယ်ယူစု ဆောင်းသည်။ ပေပုရပိုက်များကိုဝယ်ယူစုဆောင်းသည့်အပြင် ပေစာအသစ်များကိုလည်း ကူးရေးခ ပေး၍ စုဆောင်းလေသည်။

ပိဋကတ်သုံးပုံကိုပိဋကတ္တသဝိဒူ အဂ္ဂမဟာပဏ္ဍိတပုဂ္ဂိုလ်ကျော်တို့အား လွှဲအပ်တော်မူ၍ ဆိုင်ရာကညစ်ရေး၊ ပေရေးအတတ်၌ကျွမ်းကျင်လိမ္မာကုန်သော ကျောင်းစာရေးတို့ကို မြောက်မြားစွာ ပေးကမ်းချီးမြှင့် ၁၀ နှစ်ကျော်ခန့်ပေထက်ကူ့ရာတင်ခဲ့သည်။ ထို့ပြင်မြန်မာနိုင်ငံအတွင်းရှိ ပိဋကတ် စာပေစုံလင်သောကျောင်းတိုက်ကြီးများသို့ လူစေလွှတ်၍ကျမ်းဟောင်းကျမ်းလစ်၊ မူဟောင်းမူသစ် တို့ကိုရွေးချယ်စိစစ်ပြီးလျှင် ခဲခဲယဉ်းယဉ်းကူးယူစေသည်သာမက သီဟိုဠ်ကျွန်းမှမြန်မာနိုင်ငံသို့ မရောက်လာသေးသော အချို့ကျမ်းစာတို့ကိုလည်းမရ ရအောင်ရှာဖွေကူးယူစေသည်။ ဝန်ထောက် ကြီး၏ရည်ရွယ်ချက်မှာ ပိဋကတ်တော်တို့ကိုတစ်ဆင့်ကူးယူလိုကြသောပုဂ္ဂိုလ်များနှင့် ယင်းအလေ့ အကျက်ကြည့်ရှုမှတ်သားလိုကြသော ပိဋကတ်စာပေအတွက်အခက်အခဲမတွေ့စေရဘဲ တစ်နေရာ တည်းတစ်ထိုင်တည်းနှင့် အလိုဆန္ဒပြည့်ဝကြရန်ဖြစ်သည်။ ထို့ကြောင့်ဤကဲ့သို့ကြိုးစားရှာဖွေစု ဆောင်း၍ သူ၏ပိဋကတ်တိုက်ကြီးကိုပြည့်စုံအောင် စီမံဖန်တီးခြင်းဖြစ်လေသည်။

## စီစဉ်ထားရှိပုံ

မဟာညာဝမ္မစေတီတိုက်တွင် ဘုံသုံးဆင့်ရှိသည်။ ပထမအဆင့်၌စာပြန်ပွဲ၊ ကထိန်ပွဲ၊ သံဃာ့ အစည်းအဝေးပွဲများပြုလုပ်ခြင်း၊ ပိဋကတ်ကျမ်းစာတို့ကို ညဉ့်အိပ်ညဉ့်နေကြည့်ရှုလိုက ကြည့်ရှုနိုင်ခြင်း စသောသာမန်ကိစ္စများကို ဆောင်ရွက်တော်မူကြရန်စီမံထားလေသည်။

---

၃၃။ လူဖေဝင်း၊ ဦး။ မြန်မာပိဋကတ်တိုက်များ၊ စာ၊ ၇၃ – ၇၄။

ဒုတိယအဆင့်၌ အတွင်းခန်း အပြင်ခန်းဟု (၂) ခန်းရှိသည်။ အတွင်းခန်း၌ရွှေဖြင့်မွန်းမံထားသောပိဋကတ်တိုက်ဗီရိုကြီး (၈) လုံးရှိသည်။ တစ်လုံးတွင်ပိဋကတ်စာထုပ်ပေါင်း (၇၅) ထုပ်စီရှိသည်။ ပထမဗီရို၌ ဒီဃနိကာယ်ကစ၍ နိကာယ်ကြီးငါးရပ်ကိုအစဉ်အတိုင်း စာထုပ်နံပါတ်၊ နေရာနံပါတ်တို့နှင့်ကိုက်ညီအောင်စီစဉ်ထားသည်။ ပိဋကတ်သမိုင်းခေါ် အက္ခရာစဉ်မာတိကာစာအုပ်၌ မိမိတို့အလိုရှိရာ ပိဋကတ်စာတိုက်ဗီရို၌ နံပါတ်ပါစာထုပ်ကိုဆွဲယူလျှင်အလိုရှိရာကျမ်းစာကို အလွယ်ပင်ရပေသည်။ ကတ်တလောက်ကတ်ပြားစနစ်မသုံးသည်မှအပ ခေတ်မီစာကြည့်တိုက်တစ်ခုနှင့်မခြားလှပေ။ ပညာရပ်တို့ကိုသင်္ကေတအမှတ်ဖြင့် စီစဉ်ထားရှိသောကြောင့်စာရှာသူများအတွက်များစွာအကျိုးပြု မှီငြမ်းနိုင်သည်ကိုသိရှိရပါသည်။

မင်းရေးပိဋကတ်တော်များထားသော ဗီရိုငယ်များလည်းရှိပေသေးသည်။ အပြင်ခန်း၌ လွတ်လပ်ချောင်ချိစွာစကြံသွားရန်နှင့် ထောင့်လေးခု၌တည်းခိုရန်အခန်း (၄) ခန်းထားရှိပေသည်။ တတိယအဆင့်၌စေတီ ၄ ဆူရှိ၍ဓာတ်တော်များဌာပနာထားလေသည်။[၁၄]

“ဤသို့လျှင်စေတနာဖြူစင်၊ သဒ္ဓါတရားကြီးမား၊ စဉ်းစားစိတ်ကူးဉာဉ်ကောင်းသော ပညာရှိအငြိမ်းစားဝန်ထောက်မင်း ဦးဘိုးသီး၏ကုသိုလ်ကောင်းမှုဖြစ်သောဓမ္မစေတီ ဓမ္မဒါနပိဋကတ်တိုက်ကြီးသည် သုတေသနလိုက်စားသူစာဖတ်ဝါသနာပါသူတို့အတွက် သထုံမြို့၌ပေါ် ထွက်တည်တံ့လာရာ ဘာစာအုပ်၊ ဘယ်ပေထုပ်ကို၊ ဘယ်ဗီရိုမှာရှာလျှင် ဘယ်နံပါတ်နှင့်တွေ့မည်ဟု ကတ်တလောက်ပြုလုပ်ထားသောပုံနှိပ်စာအုပ်စာရင်းကိုလည်း လယ်တီဦးလှတင်ဆိုနိဒါန်းနှင့်တကွ ပိဋကတ်တိုက်၏အတ္ထုပ္ပတ္တိကိုပါ ထည့်သွင်းဖော်ပြ၍ ရေးသားစေပြီးလျှင်စက်တင်ပုံနှိပ်ထုတ်ဝေလှူဒါန်းပြန်လေသည်။”[၁၅]

ဦးဘိုးသီးပိဋကတ်တိုက်ကို ကောဇာသက္ကရာဇ် ၁၂၉၉ ခုနှစ်တွင်ရေစက်သွန်း၍လှူဒါန်းခဲ့ပါသည်။ စာကြည့်ပိဋကတ်လှူရုံသာမက၊ ပိဋကတ်ရှိစာအုပ်စာရင်းပါပြုစုခဲ့သောကြောင့် ပိဋကတ်ဆိုင်ရာကျမ်းနှစ်စောင်အပြင် ပိဋကတ်ဆိုင်ရာစာပေစုဆောင်းမှုကိုပုံနှိပ်ထားသည်။ ကတ်သလောက်စာစုစာရင်းမှာ လယ်တီဦးလှတင်၏ အားထုတ်မှုကြောင့်လည်းကောင်း စည်းမျဉ်းဥပဒေဖြင့်လေ့လာဖတ်ရှုစေခြင်းတို့မှာ မြန်မာစာကြည့်တိုက်ခရီးတွင်ထင်ရှားသော မှတ်တိုင်အဖြစ်မှတ်ယူရပေသည်။

---

၁၄။ လှတင်၊ ဦး။ (လယ်တီ)။ ပိဋကတ်သုံးပုံစာတမ်း (ရန်ကုန်၊ ဇမ္ဗူမိတ်ဆွေ၊ မ ၁၃၂၀) စာ – ၁၇ – ၁၈။
၁၅။ လူဖေဝင်း၊ ဦး။ မြန်မာပိဋကတ်တိုက်များ၊ စာ – ၇၅။

**ပေစာနှင့် ပုံနှိပ်စာအုပ်များ**

ပေစာထုပ်ပေါင်း (၁၃၄၅) ထုပ်ရှိသည်။ ပုံနှိပ်စာအုပ်အမျိုးအစား (၁၅၀၀) နီးပါးရှိသည်။

**ပေစာထုပ်စာရင်း**

ပျို့စောင်ရေပေါင်း (၃၃) စောင်ရှိသည်။ ၎င်းတို့မှာအောက်ပါအတိုင်းဖြစ်သည်။

| စဉ် | **ပျို့အမည်** |
|---|---|
| ၁။ | အာယုဒီကပျို့ |
| ၂။ | ဘလ္လာတိယပျို့ |
| ၃။ | ဗာဝရီပျို့ဗာဝရီမော်ကွန်း |
| ၄။ | ဘူရိဒတ်ဓာတ်ပေါင်းပျို့ |
| ၅။ | ဓမ္မဓဇပျို့ |
| ၆။ | ဂါထာခြောက်ဆယ်ပျို့ |
| ၇။ | ကုသပျို့ |
| ၈။ | လောကဝိဒူမော်ကွန်းပျို့ |
| ၉။ | မဟာသီလဝပျို့ |
| ၁၀။ | မဟော်ပြဿနာခန်းပျို့ |
| ၁၁။ | မဟောသဓပျို့ |
| ၁၂။ | မဟာသရပျို့ |
| ၁၃။ | မဏိကတ်ပျို့သစ် |
| ၁၄။ | မောဂ္ဂလာန်ပျို့ |
| ၁၅။ | နေမိဘုံခန်းပျို့ |
| ၁၆။ | နာနာဆန္ဒပျို့ |
| ၁၇။ | နေမိငရဲခန်းပျို့ |
| ၁၈။ | ငရုံမင်းပျို့ |

၁၉။ စမ္မေယျပျို့
၂၀။ စန္ဒကုမာရပျို့
၂၁။ စတုဓမ္မသာရပျို့
၂၂။ ဆုတောင်းခန်းပျို့
၂၃။ စန္ဒကိန္နရီပျို့
၂၄။ သာမိနပျို့
၂၅။ သံဝရပျို့
၂၆။ သရဘင်္ဂပျို့
၂၇။ သုတသောမပျို့
၂၈။ ဥမ္မာဒန္တီပျို့
၂၉။ ဥတိန္နပျို့
၃၀။ တွင်းသင်းတိုက်ပန်ရေးသောဝေဿန္တရာပျို့သစ်
၃၁။ ဝိဓူရပျို့
၃၂။ ယသော်ဓရာကတော့ခန်းပျို့
၃၃။ ဇနကပျို့

**ချောင်းပေမူ (၁၁) စောင်**

| စဉ် | ချောင်းအမည် | မှတ်ချက် |
|---|---|---|
| ၁။ | မင်းတရားရွှေထီးချောင်း။ | မူနှစ်မူ |
| ၂။ | မင်းတရားရွှေထီးချောင်း။ | မူနှစ်မူ |
| ၃။ | မင်းတရားမယ်တော်ချောင်း | |
| ၄။ | မင်းရဲကျော်စွာစုန်ချောင်း | |
| ၅။ | မင်းရဲကျော်စွာချောင်း | |

၆။ မင်းရဲသိခ်ီသူချေင်း
၇။ နတ်ရှင်မယ်တော်ချေင်း
၈။ သခင်ထွေးချေင်း
၉။ သခင်ကြီးချေင်း
၁၀။ ဥပရာဇာချေင်း
၁၁။ ယိုးဒယာမိဖုရားချေင်း

**ကဗျာပေစာမူ (၁၆) စောင်**

စဉ် အမျိုးအမည်

၁။ ရဲတင်းမော်ကွန်း
၂။ အဿဓေယျမော်ကွန်း
၃။ ရွှေမင်းဘုန်းဆင်တော်မော်ကွန်း
၄။ ရတနာပြောင်မွန်ဆင်တော်မော်ကွန်း
၅။ ဣသျှုံဂူမော်ကွန်း
၆။ ရတနာနန္ဒီမော်ကွန်း
၇။ တံတားဦးမည်မော်ကွန်း
၈။ ဇင်းမယ်နိုင်မော်ကွန်း
၉။ တေမိသာချင်း
၁၀။ မဟော်ကျေးစေခန်းသာချင်း
၁၁။ မဟော်ကျေးစေခန်းသာချင်း
၁၂။ ဆယ်နှစ်ရာသီအဲချင်း မယ်ခွေအို
၁၃။ မင်းဇယရန္တ မိတ်ရတု
၁၄။ သျှင်ဥတ္တမကျော်ကောလား
၁၅။ ရာမရကန်
၁၆။ တေးထပ်သဖြန်ရှစ်ဆယ်ပေါ် မြောက်ဖက်သံနှင့် သုံးတပ်အိုင်

**ရာဇဝင်နှင့်ပတ်သက်သော ပေစာမူများ**

| စဉ် | အမျိုးအမည် |
|---|---|
| ၁။ | ရာဇဝင်မော်ကွန်းလင်္ကာ |
| ၂။ | ရာဇဓိရာဇ်အရေးတော်ပုံ |
| ၃။ | ရာဇဝင်ချုပ် |
| ၄။ | မွန်ရာဇဝင် |
| ၅။ | တရုတ်ရာဇဝင် |
| ၆။ | ဇင်းမယ်ရာဇဝင် |
| ၇။ | ရခိုင်ရာဇဝင် |

**အထွေထွေစာစုစာရင်း**

| စဉ် | အမျိုးအမည် |
|---|---|
| ၁။ | သေနင်္ဗျူဟာကျမ်း |
| ၂။ | စစ်ဆင်နည်း |
| ၃။ | ဓားတော်ကျမ်း |
| ၄။ | ဣန္ဒာပံသနန်းတွင်းဇာတ်တော်ကြီး |
| ၅။ | ဝိဇယကာရီနန်းတွင်းဇာတ်တော်ကြီး |
| ၆။ | ဣန္ဒာဝုစနန်းတွင်းဇာတ်တော်ကြီး |
| ၇။ | ရာမဇာတ်တော်ကြီး |
| ၈။ | ကေသာသီရိမင်းသမီးနန်းတွင်းဇာတ်တော်ကြီး |

ဦးဘိုးသီး၏ပိဋကတ်တိုက်သည် ပညာရှာမှီးသူတို့အတွက် ပိဋကတ်တိုက်၏ စည်းမျဉ်းဥပဒေအရ လိုက်နာသူမှန်သမျှရပာန်းရှင်လူတို့သည် ထိုပိဋကတ်တိုက်ရှိ စာအုပ်စာတမ်း၊ ပေပုရပိုက်တို့ကို ငှားရမ်းကြည့်ရှုလေ့လာနိုင်ပါသည်။

## မြန်မာမှုအနုပညာ

မြန်မာမင်းများ၏ မင်းမြောက်တန်ဆာငါးပါးအဆောင်အယောင်များ၊ စကြဝဠာ၊ နက္ခတ်တာရာများ ပိုးပုရပိုက်ဖြူပေါ်တွင် ဆေးရောင်စုံခြယ်ထား၍ရွှေချမှန်စီရိုများ၌ တခမ်းတနားထားရှိသည်။ ထို့ပြင်ပုံနှိပ်စာအုပ်များ၊ ပေစာထုပ်များကိုလည်း ရွှေချမှန်စီရိုများအတွင်း၌ တည်ခင်းထားသည်ကို ဦးဘိုးသီး၏ ပိဋကတ်တိုက်ကြီး၌တွေ့မြင်၊ ငှားရမ်း၊ ဖတ်ရှုနိုင်ပါသည်။

"ဤမျှအဖိုးတန်လှသော ပေစာမူများအပြင် ပုံနှိပ်စာအုပ်များစွာတို့သည် ပိဋကတ်သမိုင်း ပိဋကတ်သုံးပုံစာတမ်းလာ စာအုပ်စာရင်းအရစုံနိုင်သမျှစုံအောင် စုဆောင်းထားသောပိဋကတ်တိုက်သည် ဦးဘိုးသီးပိဋကတ်တိုက်ဖြစ်ပါသည်။"[၁၆]

ထို့ပြင်ဦးဘိုးသီးပိဋကတ်တိုက်တွင် ကွယ်လွန်သူ မင်းတိုင်ပင်ဟောင်း၊ ဘုရင်ခံ၏တိုင်ပင်ခံဟောင်း ဦးဘတူပိုင် ပေစာ၊ ပုရပိုက်မူ၊ ပုံနှိပ်မူများဗီရိုသုံးလုံးနီးပါးရှိကြောင်းသိရှိရပါသည်။

---

၁၆။ လူဖေဝင်း၊ ဦး။ မြန်မာပိဋကတ်တိုက်များ စာ – ၇၈။